ဧလုပ်ကြီးကျေးရွာ

ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃ခုနှစ်)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဧလုပ်ကြီးကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ မေလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃-၄
	ဧလုပ်ကြီးကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၅-၆
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံစိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇-၈
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၈
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၈-၉
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၀-၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဧယားများ	၁၃-၆၁
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဧယား	၆၂-၆၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	၆၇-၆၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ် ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ များပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်

ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

နိုဝင်ဘာလ၊၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဇလုပ်ကြီးကျေးရွာ
ပုဗ္ဗသီရိမြို့နယ်



ဧလုပ်ကြီးကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဧလုပ်ကြီးကျေးရွာသည် ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ လယ်သာအုပ်စုတွင်တည်ရှိပြီး **Longitude 96.21871၊ Lattitude 19.93224**တွင်တည် ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းနှင့်ကွန်ကရစ်လမ်း၊ မြောက်ဘက်တွင်လယ်ကွင်းများ၊ တောင်ဘက်တွင်**လယ်ကွင်း၊ မြောက်ဘက်တွင်းလယ်ကွင်း၊ အနောက်ဘက်တွင်း မီးရထားလမ်း၊ စာသင်ကျောင်းနှင့် ဘုန်ကြီး**ကျောင်းနှင့် ဆက်လျက်တည်ရှိနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများအများစု နေထိုင်

ကြပြီး အခြားလူမျိုး အနည်းစုနေထိုင်ကြပါသည်။ ဇလုပ်ကြီးကျေးရွာသည်မြေပြန့် လွင်ပြင်ဒေသ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန် (၄၃˚C) နှင့် အနိမ့်ဆုံးအပူချိန် (၂၃˚C)ဖြစ်ပါသည်။ မိုးဦးကာလအတွင်း လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုများရှိပါသည်။စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၁၄၇)ဧက နှင့် ယာမြေမှာ (၁၉၇)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီး ဟင်းရွက် ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့(ကျား-၅ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၇ဦး)သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ဘာသာရေးအဖွဲ့ (ကျား-၇) ဦး၊ လူမှုရေးအဖွဲ့(ကျား-၁၀ဦး)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့(မ-၁၀ဦး)၊ ဓမ္မာစကြံာအဖွဲ့(မ-၁၂ဦး)၊ ပဋ္ဌာန်းအဖွဲ့(မ-၁၅ဦး) ယဉ်ကျေးမှုအဖွဲ့(ကျား-၁၀)တို့သည် ပညာရေး၊ ကျန်းမာရေး၊သာသာရေး၊သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၊လုပ်ငန်းများတွင် အားတက် သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။သို့သော်လည်းဇလုပ်ကြီး ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဇလုပ်ကြီးကျေးရွာတွင်၂.၅ဧကအောက်ဆင်းရဲသားတောင်သူ (၃၃)အိမ်ထောင်စု၊၂.၅ဧက မှ ၅ဧကကြား တောင်သူငယ် (၁၇) အိမ်ထောင်စု၊၅ဧကမှ၁၂.၅ဧကကြားတောင်သူလတ် (၇) အိမ်ထောင်စုစသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးစိုက်ပျိုးလျှက်ရှိပြီး ရာသီအလိုက် အခြား သီးနှံ များကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။ ထို့အပြင် ဥယျာဉ်ခြံသီးနှံများကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး အများစု သည် နေ့စားကျပန်းနှင့်ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၆၀) တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိလယ်သမားများတွင် တစ်ဦးချင်းပိုင်**ထွန်စက်**(၅)**ခု၊လက်တွန်း**(၃)**ခု၊ရိတ်သိမ်းခြွေလှေ့**(၂)**ခု၊ရိတ်စက်**(၁)**ခု**၊ရေစုပ်စက်(၁၄)လုံး**နှင့် မြက်ရိတ်စက်**(၁)လုံးရှိပါသည်။ ကျန်တောင်သူများသည် ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့များကိုလည်း**လွယ်**ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင်ကုန်သည်ပွဲစားများမှတ**စ်ဆင့်**ရောင်းချခြင်း ၊ **တပ်ကုန်း**စျေးနှင့် ပုဗ္ဗသီရိမြို့မစျေးသို့ ကုန်စည်ဒိုင်များတွင် ကိုယ်တိုင်သွားရောက် သွင်းခြင်းဖြင့်စျေးကွက်အနေဖြင့် အဆင်ပြေလျှက်ရှိ ကြပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများအနည်းငယ်ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု(၄၂)အိမ်ရှိပြီး နွားကောင်ရေ(၉၃)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၂၂)စုမှ (၃၃)ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု(၁)စုမှ(၂)ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု(၃)စုမှ(၁၀၁)ကောင်၊ ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၄၄)စုမှ(၂၇၅)ကောင်နှင့်ဘဲမွေးမြူထားသည့်အိမ်ထောင်စု(၁)စုမှ(၄) ကောင်ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိသော်လည်း ကျေးရွာသူ/သားများ၏ အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျမခံလိုခြင်းများကြောင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေး လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်တစ်ပိုင်တစ်နိုင်စျေးဆိုင်များ ဦးစားပေးလုပ်ကိုင်ကြပြီး၊ ဝန်ထမ်းနှင့် ကျပမ်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့်အခြားဒေသများနှင့်နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦး

ရေများရှိသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန် များကိုရောင်းချရန် စျေးကွက်ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိ အမြင် ရှိမှုအားနည်းပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ကောလျှင်(၁)သိန်း(၅)သောင်းဖြင့်(၁၀)ကောအထိ အလွယ်တကူချေးယူ၍ ရရှိနိုင် သည့်အပြင် မြစိမ်းရောင်ကျေးရွာစိမံကိန်းမှ အတိုးနှုန်း(၅၀)ပြား ရာခိုင်နှုန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်စသည့် ခေါင်းစဉ်များနှင့် ထုတ်ချေးပေးပါသည်။ ထို့ကြောင့် ကျေးရွာတွင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုမှာ အခက်အခဲမရှိပါ။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်မော်တော်ဆိုင်ကယ်(၈၀)စီး၊ ကား(၁)စီး၊ စက်ဘီ(၁၁)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊နွားလှည်း(၁၂)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက်အသုံးပြုနေကြပါသည်။ ကျေးရွာအတွင်းတွင် ရွာလယ်လမ်းမကြီးနှင့်လမ်းသွယ် (၇)ခုရှိပြီး လမ်းအားလုံးသည် မြေသား လမ်းများ ဖြစ်သဖြင့်လမ်းအားလုံးသည်ပွင့်လင်းရာသီတွင်သာ ကောင်းစွာအသုံးပြု လျှက်ရှိပြီး မိုး တွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီးဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင် မပြေမှုများရှိနေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းအားချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ် ထောင်စု**(၉၄)** စုရှိပြီး၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲ နေသော အိမ်ထောင်စု **(၃၀)**စုရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဧလုပ်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း**(၁၀၀)** လုံး၊ **ရေဒီဘို**(၁)လုံး၊တီဗွီ(၆၆) လုံး **နှင့် စလောင်း**(၂)**ခု**စသည်တို့မှရရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျေးရွာနှင့်အနည်းငယ်အလှမ်းဝေးသည့် ဖြုတ်ခွဲ ကျေးရွာတွင် အထက်တန်းကျောင်းရှိသည့်အတွက် အခြေခံပညာသင်ကြားရာတွင် အခက်အခဲ အနည်းငယ်ရှိပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား၊ ကျောင်းသူများလည်း အနည်း ငယ်ရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းဆောင် (၂)ဆောင်ရှိပါသည်။ အထက်တန်းအဆင့်

ပညာရေးကို အ.ထ.က ဖြုတ်ခွဲကျေးရွာတွင် ဆက်လက်ပညာသင်ယူကြပါသည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသား ၊ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။

ကျေးရွာတွင် စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ(၇)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၇)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ(၂၁)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၆၄)ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်းကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးနှံပေးပါသည်။ ဧလုပ်ကြီးကျေးရွာ ကျန်းမာရေးဌာနခွဲမရှိပါ။ ပုဗ္ဗသီရိမြို့ ခုတင်(၃၀၀)ဆေးရုံနှင့်နီးပြီး အလွယ်တကူ သွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို ရေတွင်းများဖြင့် အဓိကထားအသုံးပြုကြပြီး သောက်သုံးရေ လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဧလုပ်ကြီးကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့်အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက်ပို၍ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဧလုပ်ကြီးကျေးရွာသည် တီဗီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်သာရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဧလုပ်ကြီးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု

များမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ကျည်တောင်ကန်			ကျေးရွာအမည် – ဇလုပ်ကြီး	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	-		
၂	စိုက်ပျိုးရေး	နည်းပညာ			
၃	မွေးမြူရေးနှင့်ငါးလုပ်ငန်း - မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	-		
၄	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား-အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	-		
၅	ငွေကြေး	အသေးစား			
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆရာ/ဆရာမ နားနေဆောင်တည်ဆောက်ခြင်း	၄	
၈	ကျန်းမာရေး	ကျေးလက် ကျန်းမာရေး၊			
၉	ကျန်းမာရေး	သောက်သုံးရေ			
၁၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်းများရိစာခင်းခြင်း	၁	

ကျေးရွာအုပ်စုအမည် – ကျည်တောင်ကန်			ကျေးရွာအမည် – ဇလုပ်ကြီး	ဦးစားပေးအဆင့်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ		
၁၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်းအုတ်စီရေမြောင်းပြုလုပ်ခြင်း	၂	
၁၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာလယ်လမ်းမကြီးကွန်ကရစ်ခင်းခြင်း	၃	
၁၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၄	
၁၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား			
	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာလယ်လမ်းမကြီးအုတ်စီရေမြောင်းပြုလုပ်ခြင်း	၅	
၁၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	-		
၁၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း			
၁၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်းနှင့် အမျိုးသမီး			
၁၆	သယံဇာတနှင့်သဘာဝဝန်းကျင်	မီးဘေးလုံခြုံရေး			

လယ်သာကျေးရွာအုပ်စု၊ ဧလုပ်ကြီးကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြဝင်း	ဦးဖိုးလွန်း	၉/တကန(နိုင်) ၀၅၇၀၄၆	၆၂	ဥက္ကဋ္ဌ	၀၉-၂၅၄၁၂၇၉၂
၂	ဦးဘိုချို	ဦးတင်ထွန်း	၉/တကန(နိုင်) ၀၅၇၀၂၅	၅၉	အတွင်းရေးမှူး	၀၉-၇၉၇၁၀၆၉၀၈
၃	ဦးဝင်းဆယ်	ဦးအောင်ပွင့်	၉/တကန(နိုင်) ၀၆၀၃၈၆	၆၄	အဖွဲ့ဝင်	၀၉-၇၇၅၆၂၆၉၄
၄	ဦးတင်လှလေး	ဦးဖိုးသွယ်	၉/တကန(နိုင်) ၁၁၉၀၂၁	၆၄	အဖွဲ့ဝင်	၀၉-၇၆၁၀၂၃၃၉
၅	ဒေါ်လွင်မာဦး	ဦးစန်းမောင်	၉/ပဗသ(နိုင်) ၀၆၇၀၆၉	၃၁	အဖွဲ့ဝင်	၀၉-၆၆၇၀၆၂၂၈၅
၆	ဒေါ်သန္ဓာဝင်း	ဦးဝင်းနိုင်	၉/ပဗသ(နိုင်) ၀၁၇၁၂၁	၂၄	အဖွဲ့ဝင်	၀၉-၆၆၁၅၂၄၃၆၁
၇	ဒေါ်ဥမ္မာခိုင်	ဦးအောင်ကျော်		၄၂	အဖွဲ့ဝင်	၀၉-၉၆၁၈၄၇၁၃၉

လယ်သာကျေးရွာအုပ်စု၊ ဧလုပ်ကြီးကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း(ဝယ်ယူရေး)

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဝင်းဆယ်	ဦးအောင်ပွင့်	၉/တကန(နိုင်) ၀၆၀၃၈၆	၆၄	ဥက္ကဋ္ဌ	၀၉-၇၇၅၆၂၆၉၄
၂	ဦးတင်လှလေး	ဦးဖိုးသွယ်	၉/တကန(နိုင်) ၁၁၉၀၂၁	၆၄	ဘဏ္ဍာရေးမှူး	၀၉-၇၆၁၀၂၃၃၉
၃	ဒေါ်သန္ဓာဝင်း	ဦးဝင်းနိုင်	၉/ပဗသ(နိုင်) ၀၁၇၁၂၁	၂၄	စာရင်းကိုင်	၀၉-၆၆၁၅၂၄၃၆၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	-	၁	၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	-	-	၁၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၅	၁၁	၂၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၃၂	၅၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၀	၂၃၂	၄၆၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၂၆	၄၂
စုစုပေါင်း		**၂၈၄**	**၃၀၂**	**၅၈၆**
စုစုပေါင်း အိမ်ထောင်စု		**၁၂၄**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ဇလုပ်ကြီးကျေးရွာတွင်အိမ်ထောင်စု (၁၂၄)စု၊ လူဦးရေ(၅၈၆)ဦးရှိပါသည်။ ဇလုပ်ကြီးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၀.၂%)၊ မူလတန်းကျောင်းသားအရွယ် (၄.၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ် **(၇၉%)**၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၇.၂%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၃၀)ဦး၊မ(၂၃၂)ဦးစုစုပေါင်း(၄၆၂)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ **(၇၉)%** ရှိပါသည်။ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၅၇	–	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				တက္ကသိုလ်နှင့်နီးေ ေကြာင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၅			

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂	-	-	မြင့် □ လတ်□ နိမ့် ✓
	စုစုပေါင်း	၁၂၄	၅၇	၂	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင်**"မိသားစုဝင် လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဇလုပ်ကြီး ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူဦးရေများပြားပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့်တစ်ပိုင်တစ်နိုင်စျေးဆိုင်များ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသောကြောင့် တခြားမြို့နယ်၊ ပြင်ပနိုင်ငံများတွင်သွားရောက်လုပ်ကိုင်သည့်ဦးရေ အနည်းငယ်နှင့် စိုက်ပျိုးရေးလုပ်ငန်းသည်မိုးရေကိုသာ အားထားစိုက်ပျိုးနေရသဖြင့် မိုးမကောင်းသောလများတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့် မိသားစုစီးပွားရေးအဆင်ပြေရေး ကြုံရာအလုပ်များကို ကျပန်းလုပ်ကိုင်ရသည့် နှစ်များလည်းရှိပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင် သူများမရှိသော်လည်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅) (၂)နာရီတွက် ဖြင့် ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီးကျား/မဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါ

သည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိရှိသောကြောင့် လုပ်အားခ ပမာဏကိုမသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၄၇	ကောင်း☐	သင့်✓	ညံ့ ☐
ယာမြေ/ တောင်ယာမြေ	၁၉၇	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း☐	သင့် ☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၄၄	☒		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဇလုပ်ကြီးကျေးရွာတွင် လယ်မြေ(၁၄၇) ဧကနှင့် ယာမြေ(၁၉၇) ဧက ရှိပါသည်။မြေဆီလွှာမှာအသင့်အတင့်ရှိပြီး သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာအဓိကထား စိုက်ပျိုးရသည့်အတွက် အခက်အခဲအနည်းငယ်သာရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓
ကျောက်၊သဲ၊ကျောက်စရစ်	များ ☐ သင့်✓ နည်း	လွယ် ☐ ခက်✓

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
စသည်များ	□မရှိ □	အသုံးမပြုနိုင်ပါ □
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်✓ နည်း□ မရှိ □	လွယ် □ ခက်✓ အသုံးမပြုနိုင်ပါ □
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်✓ နည်း မရှိ □	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ကေအထက်	၅ကေအောက်	၅ကေအောက်	မရှိ
အိမ်အခြေအနေ	တိုက်အိမ်	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ	သွပ်မိုး၊ပျဉ်ထောင်၊ပျဉ်ခင်း၊ပျဉ်ကာ၊ဝါးအိမ်	ဖက်မိုး၊ဖက်ကာ၊ဝါးခင်း၊ဝါးအိမ်တိုင်
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	ကရိန်း၊ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊လက်တွန်းထွန်စက်	ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊လက်တွန်းထွန်စက်	လက်တွန်းထွန်စက်၊ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	ရေခဲစက်၊အဆောင်၊စပါး၊ရော်ဘာခြံ၊စျေးဆိုင်၊စား	စပါး၊ရော်ဘာခြံ၊စျေးဆိုင်	စပါး၊ဆိုင်ကယ်ကယ်ရီ၊ဘေးတွဲ၊ကုန်စုံဆိုင်	ကြုံရာကျပန်း

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
	သောက်ဆိုင်			
အိမ်ထောင်စု	၂၀	၅၀	၃၅	၁၉

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနပိုင်ဆိုင်မှုအခြေအနေနှင့် ပတ်သတ်၍ ဇလုပ်ကြီးကျေးရွာသည် စီးပွားရေးအသင့်အတင့် မပြေလည်သော အိမ်ထောင်စုနည်းပါးပြီး စီးပွားဝင်ငွေ အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၂၇	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ =၁၅ လုပ်အားခကြိုယူ = ၁၂
၃လနှင့်ဖြေကြားဝမ်းစာဖူလုံမှု	၅၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၄၄ လုပ်အားခကြိုယူ = ၁၁
ဖြေမှ၁၂လအထိဝမ်းစာဖူလုံမှု	၄၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂၂ လုပ်အားခကြိုယူ = ၂၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဇလုပ်ကြီးကျေးရွာတွင်(၂၇)အိမ်ထောင်စုတွင် ၃လအောက်ဝမ်းစာဖူလုံမှုကောက်ယူရာတွင် (၁၅)အိမ်ထောင်စုသည် ချေးယူပြီး (၁၂)အိမ်ထောင်စုသည် လုပ်အားခကြိုယူ၍ဖူလုံကြပါသည်။ (၃)လနှင့်(၆)ကြားဝမ်းစာဖူလုံမှု ကောက်ယူရာတွင်(၄၄)အိမ်ထောင်စုသည် ချေးယူပြီး(၁၁)အိမ်ထောင်စုသည် လုပ်အားခကြိုယူပြီး (၁၁)လမှ (၁၂)လ အထိဝမ်းစာ ဖူလုံမှုကောက်ယူရာတွင် (၂၂)အိမ်ထောင်စုသည် ချေးယူပြီး(၂၀) အိမ်ထောင်စုသည် လုပ်အားခကြိုးယူ၍ ဖူလုံကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်	–	–	–
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	–	–	–
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	–		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	–		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	–		

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဇလုပ်ကြီးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများမရှိသော်လည်းအများစုသည်ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင်တစ်ဦးနှင့်တစ်ဦးဝိုင်းဝန်းကူညီကြပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် □ လတ် □ နိမ့်✓ မရှိ □
၂	သဘာဝရင်းမြစ်ရှားပါးမှု	မြင့် □ လတ် □နိမ့်□ မရှိ ✓

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
	(မြေ၊စိုက်ပျိုးရေ)				
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဧလုပ်ကြီးကျေးရွာသည် စာနပ်ရိက္ခာဖူလုံးပြီး သဘာဝဘေး အန္တရာယ်ဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်းခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်း၊ငလျင်နှင့် မီးဘေးတို့မှာ ဖြစ်ပွားမှုအလွန်နည်းပါးပြီး ထိခိုက်မှုလဲနည်းပါးပါသည်။ ထို့အပြင် ဆာငန်ရေ၊ မြေဆီလွှာပြိုခြင်း၊ သစ်တောပြုန်တီးခြင်းလည်းမရှိပါ။ ကိုယ်ခံအားကျဆင်းသည့် ရောဂါ ဖြစ်ပွားမှုနှုန်းမှာ အနည်းငယ်သာရှိပြီး မိုးရာသီတွင်ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပြီး တီဘီရောဂါလူနာအနည်းငယ်ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်း လုံးလုံးနှင့်အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများ တွင် ခွာနာ၊လျာနာရောဂါစသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ်တွေ့ရပါသည်။ ကျေးရွာတွင်လူကုန်ကူးမှု မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐	လတ်☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐	လတ်☐	နိမ့်✓	မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဇလုပ်ကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့်၄င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။

ကျေးရွာတွင်ရွှေ့ပြောင်းလုပ်သားများနှင့် ကားမောင်းပြီးအသက်မွေးသူများမရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁□၂✓၃□	၇	–	၇	ပညာရေး✓ငွေကြေး□ ကျန်းမာရေး✓ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း□ သင့်✓ ညံ့□
၂	ဘာသာရေးအဖွဲ့	၁□၂□၃✓	၇	-	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၃	လူမှုရေးအဖွဲ့	၁□၂□၃✓	၁၀	–	၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓စိုက်ပျိုးမွေးမြူရေး□ သာရေး /နာရေး၊လူမှုဖွံ့ဖြိုး ရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၄	မိခင်နှင့်ကလေးစောင့်	၁□၂✓၃□	-	၁၀	၁၀	ပညာရေး✓ ငွေကြေး□ ကျန်းမာရေး✓	ကောင်း✓ သင့်□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
	ရောက်ရေးအဖွဲ့					ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ညံ့□
၅	ဓမ္မစကြံာအဖွဲ့	၁□/၂✓□	-	၁၂	၁၂	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၆	ပဌာန်းအဖွဲ့	၁□/၂✓□	-	၁၅	၁၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□
၇	ယဉ်ကျေးမှုအဖွဲ့	၁□/၂✓□	၁၀	-	၁၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း✓ သင့်□ ညံ့□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ၎လုပ်ကြီးကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်းမရှိသည့်အပြင် အုပ်ချုပ်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြသော်လည်း စီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည်အားနည်းသည်ကိုတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ (၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ- Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်း

အဖွဲ့များ(ဥပမာ- သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ဇလုပ်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၇	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇	တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၂၄	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဇလုပ်ကြီးကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။၁၂.၅ဧကအထက်ပိုင်ဆိုင်သည့်တောင်သူကြီးဦးရေမရှိပါ။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်✓မဖြေဆိုပါ□	ရှိ□မရှိ✓မဖြေဆိုပါ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအ	ရှိ□မရှိ□မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			လိုက်□မဖြေဆိုပါ□	
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၅	အဝီစိတွင်း	၈၃	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓မဖြေဆိုပါ□	ရှိ✓မရှိ□မဖြေဆိုပါ□
၆	လက်ငင်ရေတွင်း	၈	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓မဖြေဆိုပါ□	ရှိ□မရှိ✓မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေသွင်းစိုက်ပျိုးနိုင်သည့် လယ်ဧကမရှိပါ၊ ရာသီအလိုက်စိုက်ပျိုးသောသီနှံများကိုသာ အဝီစိတွင်းနှင့်လက်ငင်ရေတွင်း များကိုအသုံးပြုကြပါသည်။အဝီစိတွင်းရေသာ ရေလုံလောက်မှုရှိပြီး လက်ငင်ရေတွင်းများတွင် ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၄၇	တင်း	၄၀	၈၀	၆၀	ဇွန်	နိုဝင်	မြင့်□လတ်✓	မြင့်□ လတ်✓

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
							ဘာ	နိမ့်□	နိမ့်□
ကြံ	၈၉	တန်	၂၅	၄၅	၃၅	ဇွန်လ	မတ်လ	မြင့်□လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
နှမ်း	၆၀	တင်း	၅	၁၀	၇.၅	မတ်လ	မေလ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်✓ နိမ့်□
ပဲတီစိမ်း	၄၈	တင်း	၁၀	၂၀	၁၅	နိုင်ဝင်ဘာလ	ဖေဖြေလ	မြင့်□ လတ်✓ နိမ့်□	မြင့်□ လတ်□ နိမ့်✓

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဇလုပ်ကြီးကျေးရွာသည် စပါးကိုသာအဓိကထားစိုက်ပျိုးသောကျေးရွာဖြစ်ပါသည်။ စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အထွက်နှုန်းမှာပျမ်းမျှအနေဖြင့်တစ်ဧကလျှင် (၆၀)တင်းခန့်သာထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းရခြင်းမှာ စိုက်ပျိုးရေးနည်းပညာများ လိုအပ်ခြင်းနှင့်မိုးရာသီတွင် စိုက်ခင်း များရေလွှမ်းသဖြင့် စပါးများပျက်စီးဆုံးရှုံးမှုများ ရှိသောကြောင့်ဖြစ်ပါသည်။ နှမ်းနှင့် ပဲအမျိုးမျိုးကိုလည်း စိုက်ပျိုးလျှက်ရှိပါသည်။ သီးနှံရောင်ချရာတွင် ဈေးကွက်မတည် ငြိမ်မှုကြောင့် အမြတ်ရရှိမှုနည်းပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၅	–	–	–
လက်တွန်းထွန်စက်	၃	–	–	–
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့	၂	–	–	–

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
စက်				
ရိတ်သိမ်းစက်	၁	–	–	–
ခြွေလှေ့စက်	၁	–	–	–
ရေစုပ်စက်	၁၄	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	၁	–	––	–

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ဧလုပ်ကြီးကျေးရွာတွင် ထွန်စက်(၅)ခု၊ လက်တွန်း(၃)ခု၊ ရိတ်သိမ်းခြွေလှေ့(၂)ခု၊ ရိတ်စက်(၁)ခု၊ ခြွေလှေ့စက်(၁)ခု၊ ရေစုပ်စက်(၁၄)ခုနှင့် မြက်ရိတ်စက်(၁)ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဧယား (၁၇) **သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဧယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်✓သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□ မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော် ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ✓**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□**

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ရာသီဥတုအနေအထားမှာ အသင့်အတင့်ရှိပါသည်။ သီနှံမျိုးစေ့များ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်အားစုများ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားရရှိနိုင်မှုများလည်း ကျေးရွာတွင်အလွယ်တကူ ရရှိနိုင်ကြောင်းတွေ့ရပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ပုံစံ(၇) ဖြင့်ချေးယူနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်✓မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ✓လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ✓
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ✓ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ✓အနည်းငယ်□ မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြားသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေအနည်းငယ်တွေ့ရှိရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုဖျက်ပိုးများအနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ လယ်များတွင် အထွက်နှုန်းနည်းပါးပြီး **နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများလာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော**

ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄၂	၉၃
နို့စားနွား	၁	၂
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၃	၁၀၁
သိုး	-	-
ဝက်	၂၂	၃၃
ကြက်	၄၄	၂၇၅
ဘဲ	၁	၄
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဧလုပ်ကြီးကျေးရွာတွင် နွားနှင့်ဝက်မွေးမြူရေးတို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ မိုးရာသီတွင် လျှာနာ၊ခွာနာ ရောဂါများလည်းဖြစ်ပါးမှု အနည်းရှိပါသည်။ ပင်လယ်၊ မြစ်၊ ချောင်းများနှင့် မနီးသောကြောင့် ငါးမွေးမြူခြင်းနှင့်

ငါးဖမ်းခြင်းလုပ်ကိုင်သူမရှိပါ။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/** ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□အသင့်အတင့်✓မဖြေဆိုပါ✓
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်✓မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်✓မဖြေဆိုပါ□**
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်✓မဖြေဆိုပါ□**
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေး ကွက်	**သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□** **သွင်းအားစုများဝယ်ယူနိုင်သည်✓မဖြေဆိုပါ□**
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□** **နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။✓ မဖြေဆိုပါ✓**
ထုတ်ကုန်ရောင်းဝယ်မှု	**ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **ထုတ်ကုန်များကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□**
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	**အလုံအလောက်ရှိသည်□အသင့်အတင့်ရှိသည်✓မဖြေဆိုပါ□**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ✓**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ✓**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်□ချေးငွေရနိုင်သည်□ မဖြေဆိုပါ✓
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ✓
